## မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၈၉)

၁၃၅၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၅ ရက်

(၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေတွင် -

(က) ပုဒ်မ ၂၅၊ ၃၆၊ ၈၂၊ ၈၃၊ ၈၇၊ ၁၁၂၊ ၁၂၄၊ ၁၂၅၊ ၁၃၅၊ ၁၃၆ နှင့် ၂၄၈ တို့တွင် အသီးသီးပါရှိသော "one kyat" ဆိုသည့်စကားရပ်ကို "fifteen kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "three kyats" ဆိုသည့် စကားရပ်ကို "forty five kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "thirty eight pyas" ဆိုသည့်စကားရပ်ကို "six kyats" ဆိုသည့်စကားရပ်ဖြစ်လည်းကောင်း၊ "fifty pyas" ဆိုသည့်စကားရပ်ကို "eight kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) The First Schedule, Table B ပါ I နှင့် II တို့တွင် အသီးသီးပါရှိသော "1 kyat" ဆိုသည့် စကားရပ်ကို "15 kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "5 kyats" ဆိုသည့်စကားရပ်ကို "75 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "20 kyats" ဆိုသည့်စကားရပ်ကို "300 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "40 kyats", forty kyats" ဆိုသည့် စကားရပ်များကို "600 kyats" "six hundred kyats" ဆိုသည့် စကားရပ်အသီးသီးဖြင့်လည်းကောင်း၊ "100 kyats" ဆိုသည့် စကားရပ်ကို

"1500 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "400 kyats" ဆိုသည့် စကားရပ်ကို "6000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "1000 kyats" ဆိုသည့် စကားရပ်ကို "15000 kyats" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။